### ရှာဖွေတွေ့ရှိခြင်း
### လမ်းညွှန် (၄)
## သင်၏ အသက်တာအတွက်အကြံအစည်

ဓမ္မဆရာသည် "ကျွန်ုပ်ဘာကြောင့်ခရစ်တော်ကိုယုံကြည်ပါသလဲ" ခေါင်းစဉ်ဖြင့် တရားဟောအပြီးတွင် သန့်သန့်ကလေးဝတ်ဆင်ထားသောလူငယ်တစ်ဦးသည် ဆရာကြီးထံသို့လာ၍ ဆရာကြီး၊ ခရစ်တော်အကြောင်းနဲ့ ပတ်သက်သောတရားသည် စိတ်ပါဝင်စားစရာကောင်းပါတယ်။ ဆရာကြီးဟာ၊ ကျမ်းထဲမှာ အားလုံး ကိုးကားပြီးဟောတဲ့တရားဖြစ်တယ်။ ခရစ်တော်ဟာ အကယ်၍ ဤလောကထဲမှာနေသွားရင် ဘာကြောင့်ရာဇဝင် ဆရာများကမှတ်တမ်းတင်မထားသလဲ။ ဆရာကြီးဟာ သူ့စာအုပ်စင်မှစာအုပ်အတော်များများကိုထုတ်၍ ရာဇဝင် ဆရာအတော်များများက ခရစ်တော်အကြောင်းရေးသားဖော်ပြထားကြောင်းပြောပြပါသည်။ စာစောင်အမှတ် ၉၇၊ စာအုပ်အမှတ် ၁၀ "ဘစ်သီနီးယားရှိ ရောမအုပ်ချုပ်ရေးမှူး၊ အာရှအလယ်ပိုင်း၏တိုင်းတစ်တိုင်းတွင် ပလင်းနေသည် ရောမဘုရင်မင်းမြတ်ထရာဂျင်တိုင်းအတွင်းဖြစ်ပေါ်လျက်ရှိသောအခြေအနေကိုတင်ပြသည်။ အုပ်ချုပ်ရေးမှူးသည် ခရစ်ယာန်ဂိုဏ်းသစ်ကို မည်ကဲ့သို့ကိုင်တွယ်ရမည်အကြောင်း အကြံဉာဏ်တောင်းထားသည်။ ဤဂိုဏ်းသည် တိုးတက်မှုအလွန်လျင်မြန်ကြောင်း၊ ထိုဂိုဏ်းသည် သူတို့၏ခေါင်းဆောင်ဖြစ်သော ခရစ်တော်ကိုအကြောင်းပြု၍ သီချင်းများစပ်ဆိုထားကြောင်း၊ ထိုသခင်သည် ခရစ်တော်ဖြစ်ကြောင်း၊ ထိုတိုင်ကြားစာကို အေဒီ ၁၁၀ ခုနှစ်တွင် ပေးပို့ခဲ့သည်။ ၎င်းစာအတွင်းတွင် ခရစ်တော်အကြောင်းနှင့် သူ၏တမန်တော်များအကြောင်းသက်သေသာဓကများအပြည့်အစုံဖြင့် ရေးသားပေးပို့ခဲ့ကြောင်းသိရသည်။

လူငယ်မှာ အတော်အံ့အားသင့်ကာ ဆရာကြီးဆက်၍ပြောပြပါဦးဟု တောင်းဆိုခဲ့ပါသည်။ ဓမ္မဆရာကြီးက နောက်စာအုပ်တစ်အုပ်ကိုယူကာ ပလင်းနေနှင့်တစ်ချိန်တည်းမှာပင် ထင်ရှားသောဆရာကြီးဖြစ်သူ တာစစ်တတ်စ်က သူ၏စာအဲနဲခေါ်ရာဇဝင်မှတ်တမ်းစာအုပ်စဉ် ၁၅၊ စာမျက်နှာ ၄၄ တွင်နီးရိုးဘုရင်သည် ခရစ်ယာန်များကိုမုန်း၍ ညှဉ်းဆဲနှိပ်စက်ကြောင်း၊ အထူးသဖြင့် ရောမမြို့တော်ကြီးမီးလောင်နေချိန်အခါဖြစ်သည်။ တာစစ်တက်စ်သည် ခရစ်ယာန်ဟူသောဝါဟာရကို ခရစ်တော်အမည်မှပေါ်ပေါက်လာကြောင်း၊ ၎င်းပြင်ဆက်၍ ခရစ်ယာန်ဘာသာကို တည်ထောင်ခဲ့သောခရစ်တော်ကို ပိလမင်းကသတ်ဖြတ်ခဲ့ကြောင်း၊ ထိုစဉ်အခါက ပိလမင်းသည် ဘုရင်ခံအဖြစ် ယုဒတိုင်းကိုအုပ်ချုပ်ခဲ့ကြောင်းနှင့် ဘုရင်မင်းမြတ်ကြီးမှာ တီဘေရိဖြစ်ကြောင်း မှတ်တမ်းတင်ထားပါသည်။

ရာဇဝင်ဆရာကြီးတာစစ်တတ်စ်မှတ်တမ်းတင်ထားသောအချိန်၊ နေရာ၊ မြို့ရွာ၊ ဘုရင်ခံနှင့် ဘုရင်မင်းမြတ်၊ သက္ကရာဇ်တို့မှာ ကျမ်းစာအတိုင်းတူညီလှ၏။ လူငယ်က ဆရာကြီး၊ အပြင်လောကစာပေများ ဤကဲ့သို့ကျမ်းအတိုင်း ရေးသားထားကြောင်း ကျွန်တော်တစ်ခါမျှမသိခဲ့ကြောင်းပြောပြခဲ့၏။ ဓမ္မဆရာကြီးက အေဒီ ၁၈၀ အချိန်၌ ရာဇဝင်ဆရာကြီးဆဲဆ်(စ်)ဟာ ခရစ်ယာန်များအားအတိုက်အခံပြုကာ ရေးသား၍ ဤအဖွဲ့အစည်းသည် တန်ခိုးခွန်အားကြီးမား၍ သတိပြုရမည့်အကြောင်းနှိုးဆော်ခဲ့ကြောင်းသိရသည်။ ဤအကြောင်းနှင့်သက်ာမကင်းဖြစ်ခဲ့ပါက ဓမ္မသစ်ကျမ်းပထမလေးစောင်ကိုယှဉ်တွဲဖတ်ရန် အကြံပြုခဲ့ပါသည်။ ထိုအခါလူငယ်သည် မိမိနားနှင့်မျက်စိဖြင့် ကြားမြင်ရသောအခါ ခရစ်တော်သည် ကျမ်းတွင်လည်းကောင်း၊ ရာဇဝင်တွင်လည်းကောင်း မှတ်တမ်းတင်ထားသောပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ကြောင်း ယုံကြည်လက်ခံခဲ့ပါသည်။

## ၁။ ခရစ်တော်ဘုရားသခင်သည် ရာဇဝင်အဆက်ဆက်ကရှိခဲ့ကြောင်း၊ ကမ္ဘာအဆက်ဆက်ကထာဝရဖြစ်ခဲ့ကြောင်း

ခရစ်တော်သည် သူတော်စင်တစ်ဦးဖြစ်ကြောင်းသာမကဘဲ သူသည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း မိမိကိုယ်ကိုမည်ကဲ့သို့အကြောင်းပြထားသနည်း။ "သင်တို့သည် ငါ့ကို သိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရကြ။ ယခုမှစ၍ ခမည်းတော်ကိုသိမြင်ကြ၏ဟုမိန့်တော်မူ၏။---ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သော သူသည် ခမည်းတော်ကိုမြင်ရ၏။" (ယောဟန် ၁၄း၇-၉)။

အကယ်၍ မေးခွန်း၏အဖြေကိုသိလိုလျှင် ဘုရားသခင်သည်အဘယ်သူနည်း။ သူသည် မည်သူနှင့်တူပါသနည်း။ ခရစ်တော်ဘုရားသခင်ကိုသာကြည့်ပါ။ ကြေညာထားသည်မှာ- "ငါသည် ငါ့ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူ၏။" (ယောဟန် ၁၀း၃၀)။ ခရစ်တော်ဘုရားသခင်နှင့် အဖဘုရားသခင်သည် အဆက်ဆက်ကရှိတော်မူ၏။ "သားတော်ကိုကား အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် ထာဝရပလ္လင်ဖြစ်ပါ၏" (ဟေဗြဲ ၁း၈)။ ခရစ်တော်သည် မည်သည့်အခါမျှသီးခြားပြီး ထာဝရဘုရားသခင်နှင့်ခြားနား၍မနေခဲ့ပါ။ အဖဘုရားသခင်သည်လည်း ခရစ်တော်ဤလောက၌သက်တော်ထင်ရှားစဉ်အခါက မေတ္တာမျှခဲ့သောသူတစ်ဦးစီအပေါ် ထပ်တူထပ်မျှ အဖဘုရားသခင်လည်း မိမိမေတ္တာကိုပေးဝေခဲ့ပါသည်။

## ၂။ ခရစ်တော်သည် ရာဇဝင်နှင့်ကြိုတင်တရားဟောချက်စာစောင်များ၏အသည်းအူပွတ်ဖြစ်၏

ခရစ်တော်၏အသက်တာပုံပြင်မှာ ကြိုတင်တရားဟောချက်ကိုပြည့်စုံစေသောပုံပြင်ဖြစ်သောကြောင့် သူ၏အသက်တာပုံပြင်သည် သက်တော်မထင်ရှားမီက ရေးသားထားခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းရှိ ကြိုတင်တရားဟောချက်များသည် သက်တော်မထင်ရှားမီက ရေးသားထားခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် ခရစ်တော်သက်တော်စဉ်ထင်ရှားပြတ်သားစွာ ခရစ်တော်၏အသက်တာသေခြင်း၊ ထမြောက်ရှင်ပြန်ခြင်းအကြောင်း ကြိုတင်ရေးသားထားသည့် ဓမ္မသစ်ကျမ်းတွင်ကား ခရစ်တော်အသက်တာမွေးဖွားခြင်း၊ သေခြင်း၊ ထမြောက်ရှင်ပြန်ခြင်း၊ ကောင်းကင်သို့ကြွမြန်းတော်မူခြင်း၊ အသေးစိတ်ကြိုတင်တရားဟောချက်အတိုင်းကွက်တိပြည့်စုံခဲ့ကြောင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ခရစ်တော်မပေါ်ထွန်းမီ နှစ်ပေါင်း ၅၀၀ မှ ၁၅၀၀ အတွင်း၌ ကျမ်းတွင်အကြိမ်ပေါင်းမြောက်မြားစွာ မေရှိယ၏အသက်တာအကြောင်းကြိုတင်ဟောကြားခဲ့ပါသည်။ ခရစ်တော်၏အမှုတော်လုပ်ငန်းစောစောပိုင်းက ခရစ်ယာန်

ကျမ်းဟောင်းအနာဂတ်စာရေးသားချက်နှင့်နှိုင်းယှဉ်ခဲ့သော် လူအများ၏သုံးသပ်ချက်မှာ– "မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ ရေးထားသောသူ၊ နာဇရက်မြို့သားဖြစ်သောယောသပ်၏သားယေရှုကို ငါတို့သည်တွေ့ကြပြီဟုဆို၏" (ယောဟန် ၁း၄၅)။ ခရစ်တော်သည် ပုရောဖက်စာစောင်များပြည့်စုံရကြောင်းမှာ သူသည်ဘယ်သူဖြစ်ကြောင်းကိုသာညွှန်ပြခြင်းဖြစ်၏။ "ထိုအခါ မောရှေ၏ကျမ်းမှစ၍ ပုရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသောကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဖေါ်ပြတော်မူ၏။" (လုကာ ၂၄း၂၅–၂၇)။ ပြည့်စုံခဲ့သောအနာဂတ်စကားများတို့သည် ယုံလောက်သော သက်သေသာဓကများဖြစ်၍ ခရစ်တော်သည်ကတိထားခဲ့သောမေရှိယဖြစ်ကြောင်း တိကျစွာသိရသည်။

## ၃။ ပြည့်စုံသောအနာဂတ်စကားရှိခရစ်တော်၏အသက်တာ

ဓမ္မဟောင်းကျမ်းရှိခရစ်တော်နှင့်ပတ်သက်သောအနာဂတ်စကားများ ဓမ္မသစ်ကျမ်းမှတ်တမ်းတွင်ပြည့်စုံလာသည်။

**မွေးဖွားသောနေရပ်။** ။ ဓမ္မဟောင်းကျမ်းမှတ်တမ်း "အိုဗက်လင်ဖေရက်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း ဣသရေလအမျိုးကိုအုပ်စိုးရသောသခင်သည် ငါတို့အဖို့ သင်၏အထဲမှပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏။" (မိက္ခာ ၅း၂)။ ဓမ္မသစ်ကျမ်းမှတ်တမ်းတွင်ပြည့်စုံလာသည် (မဿဲ ၂း၁)။ ယခုဖွားမြင်သောယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကိုငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာပြီဟုမေးမြန်းပြောဆိုကြသည်။

**အပျိုကညာမှမွေးဖွားခြင်း။** ။ ဓမ္မဟောင်းကျမ်း၏အနာဂတ်စကား "ကြည့်ရှုလော့၊ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရကြလတ္တံ့" (ဟေရှာယ ၇း၁၄)။ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံလာသည် "ကြည့်ရှုလော့၊ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရကြလတ္တံ့။ (မဿဲ ၁း၂၀–၂၃)။

**သူ၏မျိုးရိုးသည်ယုဒမှဆင်းသက်လာသည်။** ။ ဓမ္မဟောင်းကျမ်း၏အနာဂတ်စကား "ရှိလောမရောက်မီတိုင်အောင်၊ ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှလည်းကောင်း မရွေ့ရ။" (ကမ္ဘာ ၄၉း၁၀)။ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံလာခြင်း "အကြောင်းမူကား ငါတို့သခင်သည် ယုဒအမျိုးထဲ၌ပေါ်ထွန်းသည်ဟုထင်ရှားလျက်ရှိ၏" (ဟေဗြဲ ၇း၁၄)။

**ခရစ်တော်ကိုငြင်းပယ်ခြင်း။** ။ ဓမ္မဟောင်းကျမ်းရှိအနာဂတ်စကား "မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင်အယုတ်ဆုံးသောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။" (ဟေရှာယ ၅၃း၃)။ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံလာခြင်း "သူသည် မိမိဒေသအရပ်သို့ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏။" (ယောဟန် ၁း၁၁)။

**ခရစ်တော်ကိုအပ်နှံခြင်းနှင့်အပ်နှံသောငွေအဖိုးအခ။** ။ ဓမ္မဟောင်းကျမ်း၏အနာဂတ်စကား "အကယ်စင်စစ် ငါယုံ၍၊ ငါ့မုန့်ကိုစားသောအဆွေခင်ပွန်းသည် ငါ့ကိုခြေနှင့်ကျောက်သတည်း။" (ဆာလံ ၄၁း၉)။ "ငါရထိုက်သောအခကိုပေးအံ့သောငှါ၊ သင်တို့သည်အလိုရှိလျှင်ပေးကြလော့။ အလိုမရှိလျှင်မပေးကြနှင့်ဟုဆိုသော်၊ သူတို့သည်

ငါ့အားအခပေးအံ့သောငှါ ငွေသုံးဆယ်ကိုချိန်ကြ၏။” (ဇာခရိ ၁၁း၁၂)။ ဓမ္မသစ်ကျမ်း၏ပြည့်စုံချက် “ယုဒရှကာရုတ်သည် ယဇ်ပုရောဟိတ်အကြီးတို့ထံသို့သွား၍ အကျွန်ုပ်သည် ယေရှုကို ကိုယ်တော်တို့လက်သို့အပ်လျှင် အဘယ်မျှလောက်ပေးပါမည်နည်းဟုလျှောက်သော် ထိုသူတို့က ငွေအကျပ်သုံးဆယ်ပေးမည်ဟုဝန်ခံကြ၏။” (မဿဲ ၂၆း၁၄၊ ၁၅)။

**လက်ဝါးကပ်တိုင်မှာအသေခံခြင်း။** ။ ဓမ္မဟောင်းကျမ်းစာအနာဂတ်စကား “ခွေးတို့သည် အကျွန်ုပ်ကိုဝိုင်းလျက်၊ စုဝေးသောလူဆိုးတို့သည် ဝန်းရံလျက်နေ၍ အကျွန်ုပ်၏ခြေလက်တို့ကိုထိုးဖေါက်ကြပါပြီ။” (ဆာလံ ၂၂း၁၆)။ ဓမ္မသစ်ကျမ်း၏ပြည့်စုံချက် “ကရာနိအမည်ရှိသောအရပ်သို့ရောက်ကြသော် ကိုယ်တော်နှင့်တကွ ထိုလူဆိုးတို့ကို လက်ျာတော်ဘက်၌တစ်ယောက်၊ လက်ဝဲတော်ဘက်၌တစ်ယောက် လက်ဝါးကပ်တိုင်မှာရိုက်ထားကြ၏။” (လုကာ ၂၃း၃၃)။ (ယောဟန် ၂၀း၂၅ ကိုလည်းဖတ်ပါ)။

**သင်္ချိုင်းမှလွတ်မြောက်လာခြင်း။** ။ ဓမ္မဟောင်းကျမ်း၏အနာဂတ်စကား “အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကိုမရဏာနိုင်ငံ၌ပစ်ထားတော်မမူ၊ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကိုရှိစေတော်မမူဘဲလျက် အသက်ရှင်ခြင်းလမ်းကိုပြညွှန်တော်မူလိမ့်မည်။” (ဆာလံ ၁၆း၁၀)။ ဓမ္မသစ်ကျမ်း၏ပြည့်စုံချက် “ခရစ်တော်ထမြောက်ခြင်းအကြောင်းကိုရည်မှတ်လျက်၊ ထိုခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ပစ်ထားတော်မမူ။ အသားသည်လည်းပုပ်စပ်ခြင်းသို့မရောက်ဟု တန်ခိုးတော်ဉာဏ်နှင့်ဟောလေ၏” (တမန်တော် ၂း၃၁၊ ၃၂)။

ခရစ်တော်သာလျှင် ဤအနာဂတ်စကားပြည့်စုံလာရခြင်းမကဘဲ ခရစ်တော်၏အကြောင်းအရာသည်ကြိုတင်ကာကြီးမားသောတန်ခိုးတော်ဖြင့်ရေးသားခဲ့ပါသည်။ ခရစ်တော်သည် ဘုရားသခင်၏သားတော်အမှန်တကယ်ဖြစ်ကြောင်းထင်ရှားသည်။ ဆုတောင်းခြင်းဖြင့် ဘယ်အရှင်သည် ကျွန်ုပ်တို့အသက်တာတွင်ထားရန်ဆုံးဖြတ်ရပါမည်။ သင်မဆုံးဖြတ်ခဲ့သေးပါသော် ယခုသင်၏အသက်တာကို ခရစ်တော်လက်တွင်အပ်ပါမည်လား။

## ၄။ ဘုရားသခင်စီစဉ်ပေးသောအသက်တာ

ခရစ်တော်သည် ဘုရားသခင်စီစဉ်ပေးခဲ့သောဘောင်အတွင်းနေခဲ့သည်။ ဘုရားသခင်စီစဉ်သောလမ်းစဉ်အတိုင်း တိကျစွာလိုက်လျှောက်ခဲ့သည်။ ခရစ်တော်၏သက်သေခံချက်မှာ “ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုဘဲ ငါ့ခမည်းတော်သည် ငါ့အားနည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုလည်းကောင်း သင်တို့သည် သိကြလိမ့်မည်။” (ယောဟန် ၈း၂၈၊ ၂၉)။ ခရစ်တော်လူဇာတိမခံယူမီ ဘုရားသခင်စီစဉ်ထားပေးသည်။ ဘုရားသခင်သည် လူသားအားလုံးအတွက်အစီအစဉ်ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆန္ဒအပြည့်အဝနှင့်ပြည့်စုံသောအသက်တာပေးရန် အစီအစဉ်ရှိသည်။ “ရေး” ဆိုသောလူငယ်သည် ဘုရားသခင်၏အစီအစဉ်ကိုလက်ခံရန်ဆုံးဖြတ်သည်။ ရက်ပေါင်းများစွာစုဆောင်းခဲ့ပြီး အကုန်အကျနည်းသောသိပ္ပံကျောင်းကြီးတွင်နေခဲ့သည်။ မကြာမီမှာပင် ခရစ်ယာန်မိတ်ဆွေများ၊ ကျောင်းတွင်းရှိမိတ်သဟာယအဖွဲ့နှင့်ရင်းနှီးခဲ့ပြီး (၂) နှစ်အတွင်း သူ၏အသက်တာပြောင်းလဲခဲ့သည်။ “ရေး” သည်ပြဿနာများနှင့်ရင်ဆိုင်တိုင်း ဘုရားသခင်သည် သူ့အတွက်အသစ်သောအခွင့်အရေးနှင့်အောင်မြင်မှုကိုပေးခဲ့ပါသည်။ ဘုရားသခင်သည် သင့်အသက်တာတွင်လမ်းပြကြောင်း ဘယ်နည်းဖြင့်သိနိုင်သနည်း။ ဘုရားသခင်၏နည်းလမ်းမြောက်မြားစွာရှိ၏။

**(၁) သမ္မာကျမ်းစာ။** ။ ဆာလံဆရာက အသက်တာလမ်းညွှန်ပုခေါ်ဆိုသည်။ "နှုတ်ထွက်စကားတော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏" (ဆာလံ ၁၁၉း၁၀၅)။ နှုတ်ထွက်စကားတော်သည် ကျွန်ုပ်တို့၏စိတ်ကိုလန်းဆန်းစေ၍ အတွေးအခေါ်သစ်ကိုပေးသည်။ (ရောမ ၁၂း၂။ ဆာလံ ၁၁၉း၉၉)။ အချိန်မှန်ဆုတောင်း၍ ကျမ်းစာလေ့လာခြင်းသည် ဦးစားပေးလုပ်ဆောင်ရမည့်အချက်ကိုစီစဉ်ပေးသည်။

**(၂) ဆက်စပ်သောဘုရားသခင်၏လမ်းညွှန်မှု။** ။ ဘုရားသခင်ကိုယ်တိုင်ချိတ်ဆက်မှုမိအောင် စီစဉ်ဦးဆောင်မှုပေးသည်။ ဆာလံ ၂၃ သည်ကောင်းသောသိုးထိန်းကိုပြသည်။ သိုးထိန်းသည် ကောင်းသောတောင်စိမ့်စမ်းရှိရာသို့ပို့ဆောင်ထိန်းကျောင်းပေးသည်။ သိုးထိန်းသည် ဝတ္တရားသိသိ၊ တာဝန်ရှိရှိဖြင့် ဗဟုသုတကိုအခြေခံကာ အကျိုးသက်ရောက်စေသောလုပ်ငန်းကိုသာလုပ်သည်။ ကျွန်တော်တို့အတွက်အနီးကပ်မစရန် သိုးထိန်းရှိသည်။

**(၃) ဘုရားသခင်နှင့်နှလုံးသားတိုက်ရိုက်ထိတွေ့မှုရှိရန်ဆက်သွယ်ပေးခြင်း။** ။ ဘုရားသခင်သည် အမှန်တရားကိုအသုံးချ၍ ကျွန်ုပ်တို့နှင့်ဆက်သွယ်သည်။ နှလုံးသားအသိတရားပွင့်လင်းရန် ဝိညာဉ်တော်ပြုလုပ်ပေးနိုင်သည်။ (ဧဖက် ၁း၁၈)။ ဘုရားသခင်နှင့်တိကျသေချာစွာဆက်သွယ်ပါမှ ဘုရားသခင်သည် ကျွန်ုပ်တို့အားလမ်းညွှန်ပြသနိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ခံစားမှု၊ ဆင်ခြင်တုံတရားနှင့်ဆုံးဖြတ်ချက်များကိုပုံသွင်းထားပေး၍ ကျွန်ုပ်သွားရမည့်နောက်တစ်လှမ်းကိုမြင်နိုင်သည်။

## ၅။ အညွှန်းသည်တညီတညွတ်တည်းဖြစ်ရမည်

ဘုရားသခင်၏အလိုတော်အတိုင်းနေထိုင်သည်ဟုထင်မိသော်လည်း ကိုယ့်အလိုအတိုင်း၊ ခံစားမှုအတိုင်း နေတတ်ပါသည်။ (သု၊ ၁၆း၂၅)။ သမ္မာကျမ်းစာသွန်သင်မှုနှင့် မိမိခံစားမှုတို့သည် တညီတညွတ်တည်းဖြစ်ရပါမည်။ ဤအချက်သုံးချက်ညီမှသာလျှင် ဘုရားသခင်လမ်းညွှန်ကြောင်းဟုမဆုံးဖြတ်သင့်ပါ။

ဉပမာ– ဂျိတ် (ခေါ်) လူငယ်တစ်ယောက်ချစ်ရသောဇနီးတစ်ဦး၊ ကလေး ၂ ဦးရှိသည်။ သို့ရာတွင် သူ့အသက်တာတွင်အပျော်မိန်းမတစ်ဦးရှိသည်။ ဤကဲ့သို့ထားရခြင်းသည် ဘုရားသခင်၏အလိုဟု မိတ်ဆွေများကိုပြောပြသည်။ "ငါတော့ဆုတောင်းတာပဲ၊ ဘုရားသခင်၏အလိုပဲ" ဟုပြောသည်။ ဂျိတ်၏စိတ်လှုပ်ရှားမှုနှင့် ခံစားမှုများသည် သူ့အားမှားသောလမ်းပေါ်သို့ရောက်ရှိကြောင်းမသိပါ။ ကျမ်းစာပညတ်တော်နှင့် သက်သေခံတော်မူချက်ကိုမကြည့်ဘဲ၊ တရားနှင့်မညီနိုင်းဘဲ အခြေအနေဖန်တီးလာမှုကို ဘုရားသခင်၏အလိုတော်ဟုသတ်မှတ်ထားရှိမှုသည် (ဟေရှာယ ၈း၂၀) သမ္မာကျမ်းမှလမ်းလွဲစေသည်။ တိုက်ဆိုင်သောဘုရားသခင်၏အလိုတော်ဟုခံစားသတ်မှတ်ခြင်းသည် ကျမ်းစာ၏သွန်သင်ချက်နှင့်ဝေးကွာစေသည်။

## ၆။ ဘုရားသခင်၏အလိုတော်ကိုလက်ခံခြင်း

တောထဲ၌ခရစ်တော်အား စာတန်လာ၍သွေးဆောင်သောအခါ ဘုရားသခင်၏အကြံအစီတော်အတိုင်း မိမိကိုယ်ကိုမဆက်ကပ်ရန်၊ မပူဇော်ရန် ကျွန်ုပ်သည် သင့်အား ဤကမ္ဘာကြီးကိုပေးမည်။ ထင်ပေါ်ကျော်စော၊ စီးပွားဥစ္စာ၊ အသက်တာတွင်အဆင်ပြေမှုအမျိုးမျိုးကိုပေးမည်။ စာတန်သည် ခရစ်တော်နားထောင်ရန် ကျမ်းစကားကို

အသုံးပြုထားသည်။ စုံစမ်းခြင်းတိုင်းကို ခရစ်တော်သည် ကျမ်းစကားအားဖြင့်အဖြေပေးကာ စုံစမ်းခြင်းကိုကာကွယ်ခဲ့သည်။ ခရစ်တော်၏အသက်တာတွင် အကြီးဆုံးအောင်မြင်ခြင်းမှာ ဘုရားသခင်ကို မိမိ၏ကိုယ်ကိုအပ်နှံခြင်းပင်ဖြစ်သည်။ ဂေသရေမန်ဥယျာဉ်တွင်အကြီးမားဆုံးဆုတောင်းခန်းမှာ– "ကျွန်ုပ်အလိုမဟုတ်ပါ။ ကိုယ်တော်အလိုသာဖြစ်ပါစေ" (မဿဲ ၂၆း၃၉)။ အမှုတော်မြတ်၌သုံးနှစ်အပြီးတွင် ဘုရားသခင်၏အလိုတော်နှင့် တညီတညွတ်တည်းနေခဲ့သောကြောင့် အမှုပြီးပြီ (ယောဟန် ၁၉း၃၀)။ ခရစ်တော်၏ဆိုလိုရင်းမှာ ဘုရားသခင်စီစဉ်ပေးသောအသက်တာပြည့်စုံပါပြီ။ အနာဂတ်စကားအရ ပြီးမြောက်ပါပြီဟုဆိုလိုသတည်း။

သင်သည် ဘုရားသခင်၏စကားများကို နှုတ်ထွက်စကားတော်အားဖြင့် ပြတ်သားစွာသိရသောအခါ သင်၏ခံစားမှုနှင့် ဘုရားသခင်၏လမ်းညွှန်မှုကိုအကြွင်းမဲ့လက်ခံသောအခါ ဘုရားသခင်စီစဉ်သတ်မှတ်သောလမ်းနှင့်အကြံအစည်တွင်ဝမ်းမြောက်ခြင်းတွေ့ရှိပါမည်။

–ဝ–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၄) အဖြေလွှာ
## သင်၏အသက်တာအတွက်အကြံအစည်

မှန်သောဝါကျရှေ့တွင်ကြက်ခြေခတ် **(x)** ပေးပါ။

၀။ ခရစ်တော်သည်

------ ရာဇဝင်တွင်ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်ဖြစ်သည်။

------ အသင်းတော်ရာဇဝင်ဆရာများစိတ်ကူးယဉ်ရေးသားထားသည့်ပုဂ္ဂိုလ်တစ်ဦးသာဖြစ်သည်။

၁။ ခရစ်တော်သည်

------ ဘုရားသခင်တစ်ပါးသာဖြစ်သည်။

------ ဘုရားသခင်နှင့်လူနှစ်ဦးစလုံးဖြစ်သည်။

အဖဘုရားသခင်နှင့်သားတော်ခရစ်တော်ဘုရားသခင်သည် အတူတကွတည်ရှိခဲ့သည်။

------ ကာလအဆက်ဆက်မှ။

------ အဖဘုရားသခင်သားတော်ဖန်ဆင်းပြီးနောက်

၂။ ကျမ်းအနာဂတ်စကားများ

------ ခရစ်တော်နှင့်ပတ်သက်သောအချက်များစိတ်မချရပါ။

------ ခရစ်တော်၏အသက်တာ၌ သေခြင်း၊ ထမြောက်ရှင်ပြန်ခြင်း ကွက်ကွက်ကွင်းကွင်းပြထားသည်။

၃။ ခရစ်တော်သည်ဗက်လင်မြို့၌မွေးဖွားသည်

------ အပျိုကညာမာရိမှမွေးဖွားသည်။

------ သားသည်မိခင်မှမွေးဖွားသည်။

ခရစ်တော်သည်–

------ ဣသရေလလူမျိုးများအနေဖြင့် မေရှိယဖြစ်ကြောင်းလွယ်လင့်တကူလက်ခံသည်။

------ သူ၏လူများကငြင်းပယ်၍ မိတ်ဆွေများကအပ်နှံသည်။

နှစ်ရာပေါင်းများစွာကပုရောဖက်များသည် ကြိုတင်ဟောထားသည်။

------ ခရစ်တော်သည် လက်ဝါးကပ်တိုင်တွင်သေပြီး ပြန်၍ထမြောက်မည်။

------ လက်ဝါးကပ်တိုင်ပေါ်အသေခံ၍ သင်္ချိုင်းတွင်ရှိမည်။

၄။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်အစီအစဉ်ရှိကြောင်းကိုသိနိုင်သည်။

------ အိပ်မက်အနေအထားကိုလေ့လာခြင်းဖြင့်သိနိုင်သည်။

------ ကျမ်းစာလေ့လာခြင်းဖြင့် အခြေအနေကိုဘုရားသခင်ပြသခြင်းဖြင့် ကျွန်ုပ်တို့စိတ်ကိုဘုရားသခင်နှိုးဆော်ခြင်းဖြင့်သိနိုင်သည်။

၅။ စိတ်အတွင်းခံစားမှုဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလမ်းညွှန်သည်။
------ ကျမ်းစာနှင့်လိုက်လျောညီစွာဖြင့်
------ စိတ်အတွင်းခံစားမှုတစ်ခုတည်းဖြင့်

**နှလုံးသား၏မေးခွန်း**

ခရစ်တော်သက်တော်ထင်ရှားစဉ်က ဘုရားသခင်၏လမ်းပြမှုကိုလက်ခံသကဲ့သို့ သင်သည်လည်း ရက်ရော ကြည်နူးစွာဖြင့်လက်ခံလိုပါသလား။

-၀-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်-------------------------------**

**လမ်းနှင့်အိမ်အမှတ်-----------------------**

**မြို့---------------------------------**

**နယ်--------------------------------**

**ကိုးကွယ်သည့်ဘာသာ---------------------**

စိတ္တသုခရှာဖွေခြင်း (၄)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၇၁/၂၀၀၃ (၇)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)